# နိဒါန်း

''ခန္ဓသုတ်ပရိတ်တော်''သည် ဇာတကအဋ္ဌကထာ(ဇာ၊ ဋ၊ ၂၊ ၁၃၂)၌ ''ခန္ဓဇာတက''ဟူသော အမည်ဖြင့်လည်းကောင်း၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ စတုက္က နိပါတ်တွင် ''အဟိရာဇသုတ်''ဟူသော အမည်ဖြင့်လည်းကောင်း ပါရှိသော ပရိတ်တော် ဖြစ်ပါသည်။

## ခန္ဓသုတ်ပရိတ်တော် ဖြစ်ပေါ်လာပုံ

မြတ်စွာဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေ တော်မူစဉ်က ရဟန်းတစ်ပါးသည် မြွေကိုက်ခံရသဖြင့် ပျံလွန်တော်မူလေသည်။ ထိုအကြောင်းကို မြတ်စွာဘုရားရှင်အား လျှောက်ထားသောအခါ မြတ်စွာဘုရား ရှင်က သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်သုံးသပ်တော်မူလျက် ဘုရားမဖြစ်မီ တစ်ခုသောဘဝတွင် ဈာန်အဘိညာဉ်ရ ရသေ့ခေါင်းဆောင်အဖြစ်ဖြင့် နေခဲ့စဉ်က တပည့်ရသေ့များ မြွေအန္တရာယ်ကင်းဝေးစေရန်အတွက် သင်ကြားပေးခဲ့သည့် ''ခန္ဓသုတ်ပရိတ်တော်''အကြောင်းကို ထပ်မံဟောကြားတော်မူခဲ့ပါသည်။ ထို့နောက် ရဟန်းတော်များအား ''မိမိကိုယ်ကိုယ် စောင့်ရှောက်ကာကွယ်ရန် မြွေမင်းလေးမျိုး တို့အား မေတ္တာပွားသည့် ခန္ဓသုတ်ပရိတ်တော် ရွတ်ပွားရန် ခွင့်ပြုကြောင်း'' မိန့်တော်မူခဲ့ပါသည်။

## ခန္ဓသုတ်ပရိတ်တော်

ခန္ဓပရိတ်တော်တွင် ပရိတ်တော်အမွှန်းဂါထာများအပါအဝင် ဂါထာပိုဒ် (၈) ပိုဒ်ပါရှိပါသည်။ ယင်း(၈)ပိုဒ်တွင် ၁–၂ ဂါထာပိုဒ်တို့သည် ခန္ဓပရိတ်တော်၏ ဂုဏ်ရည်ကို ဖော်ပြသည့် အမွှန်းဂါထာများ ဖြစ်ပြီး ကျန်ဂါထာပိုဒ်များဖြင့် ဝိရူပက္ခ နဂါးမင်း၊ ဧရာပထနဂါးမင်း၊ ဆဗျာပုတ္တနဂါးမင်း၊ ကဏှာဂေါတမနဂါးမင်းဟူသော နဂါးမင်း(၄)မျိုးတို့ကို အဦးအစထား မေတ္တာပို့ပြီးလျှင် အလုံးစုံသော သတ္တဝါတို့ အား မေတ္တာပို့သခြင်း၊ ဘုရား, တရား, သံဃာ ရတနာသုံးပါး၏ ဂုဏ်ကို

# ခန္ဓသုတ်ပါဠိ–မြန်မာပြန်

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ခန္ဓသုတ္တ

## ခန္ဓသုတ္တပါဠိ

၁။ သဗ္ဗာသီဝိသဇာတီနံ၊
ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊
သေသဉ္စာပိ ပရိဿယံ။

၂။ အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊
သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

## ခန္ဓသုတ်မြန်မာပြန်

၁–၂။ နတ်မန္တရား နတ်ဆေးဝါးသည် အဆိပ်ပြင်းသော မြွေအားလုံးတို့၏ အဆိပ်မှန်သမျှကို နိုင်နိုင်နင်းနင်း ပယ်ဖျောက်နိုင်စွမ်း ရှိသကဲ့သို့ ဤခန္ဓသုတ် ပရိတ်တော်သည် ဘုရားအာဏာခေတ်ဟု ဆိုအပ်သော စကြဝဠာ ကုဋေတစ်သိန်း အတွင်း၌ သတ္တဝါအားလုံးတို့၏ ပြင်းထန်သော အဆိပ်ကိုလည်း ပယ်ရှားတားမြစ်နိုင်၏၊ အဆိပ်မှ ကြွင်းသော ဘေးဥပဒ်ကိုလည်း ပယ်ရှားတားမြစ်နိုင်၏၊ အို သူတော်ကောင်းတို့ ထိုခန္ဓသုတ် ပရိတ်တော်ကို အကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့၊

**၃။* ဝိရူပက္ခေဟိ မေ မေတ္တံ၊**
**မေတ္တံ ဧရာပထေဟိ မေ။**
**ဆဗျာပုတ္တေဟိ မေ မေတ္တံ၊**
**မေတ္တံ ကဏှာဂေါတမကေဟိ စ။**

၃။ ငါ၏မေတ္တာသည် ဝိရူပက္ခနဂါးမင်းမျိုးတို့နှင့်အတူ ဖြစ်စေသတည်း၊ ငါ၏မေတ္တာသည် ဧရာပထနဂါးမင်းမျိုးတို့နှင့်အတူ ဖြစ်စေသတည်း၊ ငါ၏မေတ္တာသည် ဆဗျာပုတ္တနဂါးမင်းမျိုးတို့နှင့်အတူ ဖြစ်စေသတည်း၊ ငါ၏မေတ္တာသည် ကဏှာဂေါတမနဂါးမင်းမျိုးတို့နှင့်အတူ ဖြစ်စေသတည်း။

**၄။ * အပါဒကေဟိ မေ မေတ္တံ၊**
**မေတ္တံ ဒွိပါဒကေဟိ[၁] မေ။**
**စတုပ္ပဒေဟိ မေ မေတ္တံ၊**
**မေတ္တံ ဗဟုပ္ပဒေဟိ မေ။**

၄။ ငါ၏မေတ္တာသည် အခြေမရှိသော သတ္တဝါတို့နှင့်အတူ ဖြစ်စေသတည်း၊ ငါ၏မေတ္တာသည် အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့်အတူ ဖြစ်စေသတည်း၊ ငါ၏မေတ္တာသည် အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့်အတူ ဖြစ်စေသတည်း၊ ငါ၏မေတ္တာသည် များသော အခြေရှိသော သတ္တဝါတို့နှင့်အတူ ဖြစ်စေသတည်း။

---

* ဝိနယပိဋကေ စူဠဝဂ္ဂပါဠိယံ–၂၄၅–ပိဋ္ဌေ၊ ဇာတကပါဠိယံ ပဌမဘာဂေ–၅၃–၅၄–ပိဋ္ဌေသု၊ အင်္ဂုတ္တရနိကာယေ ပဌမဘာဂေ–၃၈၄–ပိဋ္ဌေ စ။

၁–ဒိပါဒကေကဟိ (သီ၊သျာ၊ကံ၊ဣ)

**၅။ * မာ မံ အပါဒကော ဟိံသိ၊**
**မာ မံ ဟိံသိ ဒွိပါဒကော[၁]။**
**မာ မံ စတုပ္ပဒေါ ဟိံသိ၊**
**မာ မံ ဟိံသိ ဗဟုပ္ပဒေါ။**

၅။ အခြေမရှိသော သတ္တဝါသည် ငါ့ကိုမညှဉ်းဆဲစေသတည်း၊ အခြေနှစ်ချောင်းရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း၊ အခြေလေးချောင်းရှိသော သတ္တဝါသည် ငါ့ကိုမညှဉ်းဆဲစေသတည်း၊ အခြေများစွာရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း။

**၆။ * သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊**
**သဗ္ဗေ ဘူတာ စ ကေဝလာ။**
**သဗ္ဗေ ဘဒြာနိ ပဿန္တု၊**
**မာ ကိဉ္စိ[၂] ပါပမာဂမာ။**

၆။ အကြွင်းမရှိ အလုံးစုံကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ အလုံးစုံသော ထွက်သက် ဝင်သက်ရှိကုန်သော သတ္တဝါတို့သည် လည်းကောင်း၊ ခပ်သိမ်းကုန်သော အတ္တဘော ထင်ရှားရှိသော သတ္တဝါတို့သည်လည်းကောင်း၊ ခပ်သိမ်းကုန်သော ကောင်းသောအာရုံတို့ကို တွေ့မြင်ကြစေကုန်သတည်း၊ ယုတ်ညံ့သော မကောင်းကျိုးသည် တစ်စုံတစ်ယောက်သော သတ္တဝါတို့သို့ မရောက်ပါစေသတည်း။

---

* ဝိနယပိဋကေ စူဠဝဂ္ဂပါဠိယယံ-၂၄၅-ပိဋ္ဌေ၊ ဇာတကပါဠိယံ ပဌမဘာဂေ-၅၃-၅၄-ပိဋ္ဌေသု၊ အင်္ဂုတ္တရနိကာယေ ပဌမဘာဂေ-၃၈၄-ပိဋ္ဌေ စ။

၁-ဒိပါဒကော (သီ၊သျာ၊ကံ၊ဣ) ၂-ကိဉ္စိ(သျာ၊ကံ၊က)

၇။* အပ္ပမာဏော ဗုဒ္ဓေါ၊
အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊
ပမာဏဝန္တာနိ သရီသပါနိ[၁]။
အဟိ ဝိစ္ဆိကာ သတပဒီ၊
ဥဏ္ဏာနာဘီ သရဗူ မူသိကာ။

၈။* ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ[၂]၊
ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

၇-၈။ မြတ်စွာဘုရားဂုဏ်တော်သည် အတိုင်းအရှည်မရှိ၊ တရားဂုဏ်တော်သည် အတိုင်းအရှည်မရှိ၊ သံဃာ့ဂုဏ်တော်သည် အတိုင်းအရှည်မရှိ၊ မြွေမျိုးတို့သည် (ဂုဏ်အားဖြင့်) အတိုင်းအရှည် ရှိကုန်၏၊ မြွေ ကင်းမြီးကောက်တို့သည်လည်းကောင်း၊ ကင်းခြေများတို့သည်လည်းကောင်း၊ ပင့်ကူတို့သည်လည်းကောင်း၊ တက်တူတို့သည်လည်းကောင်း၊ ကြွက်တို့သည်လည်းကောင်း (ဂုဏ်အားဖြင့်) အတိုင်းအရှည် ရှိကြကုန်၏၊ ငါသည် အစောင့်အရှောက်ကို ပြုအပ်ပြီ၊ ငါသည် အရံအတားကို ပြုအပ်ပြီ၊ သတ္တဝါတို့သည် ဖဲသွားစေကုန်သတည်း၊ ထိုငါသည် မြတ်စွာဘုရားအား ရှိခိုးပါ၏၊ ခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့အားလည်း ရှိခိုးပါ၏။

ခန္ဓသုတ္တံ နိဋ္ဌိတံ။ ခန္ဓသုတ်မြန်မာပြန် ပြီး၏။

---

* ဝိနယပိဋကေ စူဠဝဂ္ဂပါဠိယံ-၂၄၅-ပိဋ္ဌေ၊ ဇာတကပါဠိယံ ပဌမဘာဂေ-၅၃-၅၄-ပိဋ္ဌေသု၊ အင်္ဂုတ္တရနိကာယေ ပဌမဘာဂေ-၃၈၄-ပိဋ္ဌေ စ။

၁-သိရိံသပါနိ (သီ၊ သျာ၊ ကံ၊ ကြ) ၂-ကတာ မေ ပရိတ္တာ (ဗဟူသု)

